WUNPAWNG AMYUSHA MUNGMASA GINRAT HPUNG
KACHIN POLITICAL INTERIM COORDINATION TEAM

E-mail;- kachinpict@protonmail.com, Phone;- +86 19147490245

# ထုတ်ပြန်ကြေငြာချက်

စာအမှတ် (၃/P-1/KPICT/၂၀၂၁)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

၁။ ယနေ့မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်ကောင်စီသည် နိုင်ငံတော်အာဏာကို ထိန်းသိမ်းနိုင်ကြောင်းပြသရန်အတွက် အတင်းအဓမ္မကြိုးပမ်းလျက်ရှိရာ တစ်နိုင်ငံလုံးအနှံ့စစ်ရေးအရ ထိုးစစ်ဆင်ခြင်းသာမက၊ အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ကာ နိုင်ငံတကာလူ့အခွင့်အရေးသဘောတူညီချက်များအား ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

၂။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့အား အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းကြောင့် ခရစ်ယာန်ဘုရားကျောင်းများနှင့် အရပ်သားများ၏နေအိမ်အဆောက်အအုံများစွာ မီးလောင်ပျက်စီးခဲ့ရသည်ဟု ဝမ်းနည်းကြေကွဲစွာ ကြားသိရပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီ၏ စစ်စည်းကမ်း၊ စစ်ကျင့်ဝတ်များနှင့် နိုင်ငံတကာလူ့အခွင့်အရေးသဘောတူညီချက်များအား ရည်ရွယ်ချက်ရှိရှိချိုးဖောက်ကျူးလွန်သည့် ဖြစ်ရပ်အလုံးစုံသည် မည်သို့မှငြင်းဆန်၍မရနိုင်သောသက်သေသာဓကများအဖြစ် သမိုင်းတွင် မှတ်တမ်းကျန်ရှိနေပြီ ဖြစ်ပါသည်။

၄။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့်လည်း အကြမ်းဖက်စစ်ကောင်စီက ကျူးလွန်လျက်ရှိသော အကြမ်းဖက်စစ်ရာဇဝတ်မှုများအား အချိန်မီ အနီးကပ်စောင့်ကြည့်ကာ၊ အစွမ်းကုန်ဖိအားပေးခြင်းအပါအဝင် အဖိနှိပ်ခံမြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးကြပါရန် တောင်းဆိုအပ်ပါသည်။

၅။ ပျက်စီးဆုံးရှုံးမှုများကြောင့် ညိုးငယ်ပူဆွေးလျက်ရှိကြသော ထန်တလန်မြို့သူမြို့သားများ၊ အဖိနှိပ်ခံသွေးချင်းညီနောင်များနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ အဖိနှိပ်ခံပြည်သူများနှင့် အတူတကွရပ်တည်ကာ ဖက်ဆစ်အာဏာရှင်စနစ်ချုပ်ငြိမ်းသွားသည်အထိ ဆက်လက်တော်လှန်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

Kachin Political Interim Coordination Team (KPICT)